မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

**အမှတ် ၂၅ ]** ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက် ( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၀ ရက် ) } **သောကြာနေ့ [ အတွဲ ၆၇**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၃၇/၂၀၁၄**

၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်

( ၂၀၁၄ ခုနှစ်၊ မေလ ၂၂ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့ အစည်း အကြီးအမှူးများအား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထား လိုက်သည် -

| | **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးခင်မောင်မော် | ညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန<br>မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| (ခ) | ဦးလှမော်ဦး | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |
| (ဂ) | ဦးတိုးအောင်မြင့် | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |
| (ဃ) | ဦးမင်းထွန်း | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>ဘဏ္ဍာရေးဝန်ကြီးဌာန |

(င) ဒေါ်ယဉ်ယဉ်မြ ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့စီးပွားရေးဘဏ်
ဘဏ္ဍာရေးဝန်ကြီးဌာန

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးဝင်းဆွေထွန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လေကြောင်းပို့ဆောင်ရေး<br>ညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးဝန်ကြီးဌာန |
| (ခ) | ဦးကျော်မြင့်<br>အထွေထွေမန်နေဂျာ<br>(ဒုတိယညွှန်ကြားရေးမှူးချုပ်)<br>မြန်မာ့ဆိပ်ကမ်းအာဏာပိုင်<br>ပို့ဆောင်ရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဆိပ်ကမ်းအာဏာပိုင်<br>ပို့ဆောင်ရေးဝန်ကြီးဌာန |

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၁၄

၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်
( ၂၀၁၄ ခုနှစ်၊ မေလ ၂၇ ရက် )

### ဆင်းရဲနွမ်းပါးသူများ ကူညီစောင့်ရှောက်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ဆင်းရဲနွမ်းပါးချို့တဲ့သူများမှ ပညာထူးချွန်သူများနှင့် ကျန်းမာရေးချို့တဲ့သူများအား ကူညီစောင့်ရှောက်ပေးနိုင်ရန်အတွက် **"ဆင်းရဲနွမ်းပါးသူများ ကူညီစောင့်ရှောက်ရေးအဖွဲ့"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ပါသည် -

(က) ဦးသိန်းညွန့် ဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
သမ္မတရုံးဝန်ကြီးဌာန (၁)

(ခ) ဦးလှထွန်း ဒုတိယဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
သမ္မတရုံးဝန်ကြီးဌာန (၆)

(ဂ) ဗိုလ်ချုပ်မောင်မောင်အုန်း အဖွဲ့ဝင်
ဒုတိယဝန်ကြီး
နယ်စပ်ရေးရာဝန်ကြီးဌာန

(ဃ) ဒေါ်စုစုလှိုင် အဖွဲ့ဝင်
ဒုတိယဝန်ကြီး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(င) ဒေါက်တာမောင်မောင်သိမ်း အတွင်းရေးမှူး
ဒုတိယဝန်ကြီး
ဘဏ္ဍာရေးဝန်ကြီးဌာန

(စ) ဦးလှထွန်း တွဲဖက်အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
နိုင်ငံတော်သမ္မတရုံး

၂။ ဆင်းရဲနွမ်းပါးသူများ ကူညီစောင့်ရှောက်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ဆင်းရဲနွမ်းပါးချို့တဲ့သူများမှ ပညာထူးချွန်သူများနှင့် ကျန်းမာရေးချို့တဲ့သူများအား ရေရှည် ထိရောက်သော ကူညီထောက်ပံ့မှုများပေးနိုင်ရန်အတွက် လိုအပ်သော မူဝါဒများ အကြံပြုချမှတ် ပေးရန်။

(ခ) မြန်မာနိုင်ငံတော်အတွင်းရှိ ဆင်းရဲနွမ်းပါးချို့တဲ့သူများမှ ပညာထူးချွန်သူများနှင့် ကျန်းမာရေး ချို့တဲ့သူများအား ကူညီစောင့်ရှောက်ပေးနိုင်ရန်အတွက် ထောက်ပံ့သင့်သောပမာဏအား တင်ပြ ဆောင်ရွက်ပေးရန်။

(ဂ) ဆင်းရဲနွမ်းပါးချို့တဲ့သူများမှ ပညာထူးချွန်သူများအား ဆက်လက်ပညာသင်ကြားနိုင်ရန်အတွက် လည်းကောင်း၊ ကျန်းမာရေးချို့တဲ့သူများအား ဆေးကုသမှုခံယူနိုင်ရန်အတွက်လည်းကောင်း ကူညီ ထောက်ပံ့ပေးနိုင်ရေး လိုအပ်သော အရည်အချင်းနှင့် သတ်မှတ်ချက်များအား အကြံပြုတင်ပြ ပေးရန်။

(ဃ) ထိရောက်စွာ ကူညီထောက်ပံ့နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၃၉/၂၀၁၄**

၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်

( ၂၀၁၄ ခုနှစ်၊ မေလ ၂၈ ရက် )

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ မေလ ၃ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၁၃) ဖြင့် ဖွဲ့စည်းခဲ့သော **"မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်"** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (၁) | ဦးဇေယျာအောင်<br>ပြည်ထောင်စုဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဦးဌေးအောင်<br>ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဦးဝင်းထွန်း<br>ပြည်ထောင်စုဝန်ကြီး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဒေါက်တာထွန်းရှင်<br>ပြည်ထောင်စုရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (၅) | ဒေါက်တာမောင်မောင်သိမ်း<br>ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဒေါ်လဲ့လဲ့သိန်း<br>ဒုတိယဝန်ကြီး<br>အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | သူရဦးသောင်းလွင်<br>ဒုတိယဝန်ကြီး (အငြိမ်းစား) | အဖွဲ့ဝင် |
| (၈) | ဒေါက်တာအောင်ထွန်းသက်<br>စီးပွားရေးပညာရှင် | အဖွဲ့ဝင် |
| (၉) | ဦးညွန့်တင်<br>သံအမတ်ကြီး (အငြိမ်းစား) | အဖွဲ့ဝင် |
| (၁၀) | ဦးဝင်းခိုင်<br>ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း | အဖွဲ့ဝင် |

(၁၁) ဒေါ်ခိုင်ခိုင်နွယ် — အဖွဲ့ဝင်
စီးပွားရေးလုပ်ငန်းရှင်

(၁၂) ဦးအောင်နိုင်ဦး — အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

(၁၃) ဒေါ်မြသူဇာ — တွဲဖက်အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၅၂/၂၀၁၄)

၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်
( ၂၀၁၄ ခုနှစ်၊ မေလ ၂၈ ရက် )

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)

## ( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )

၁၃၇၆ ခုနှစ်၊ လ ရက်
( ၂၀၁၄ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၆။ (က) နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦး စုစုပေါင်းကိုးဦး၏ အမည်စာရင်းကိုလည်းကောင်း၊ ယင်းတို့အနက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် အဖွဲ့ဝင်တစ်ဦး၏ အမည်ကိုလည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက် ရယူရမည်။

(ခ) ခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် ရွေးချယ်ရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် ညှိနှိုင်း၍ဖြစ်စေ၊ နိုင်ငံတော်သမ္မတက သင့်လျော်သည်ဟု ယူဆသည့် နည်းလမ်းအရဖြစ်စေ ရွေးချယ်နိုင်သည်။"

၃။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၁၆ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) ပုဒ်မခွဲ (က) အရ တင်သွင်းသည့် တင်သွင်းလွှာတွင် အဆုံးအဖြတ်ပေးစေလိုသည့်အချက်မှာ အဓိပ္ပာယ်ဖွင့်ဆိုချက် သို့မဟုတ် ဆုံးဖြတ်ချက် သို့မဟုတ် သဘောထားရယူရန်ဖြစ်သည်ကို ရှင်းလင်းစွာဖော်ပြရမည်။"

၄။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၁၇ ၏နောက်တွင် ပုဒ်မ ၁၇-က နှင့် ပုဒ်မ ၁၇-ခ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၁၇-က (၁) ပုဒ်မ ၁၃ နှင့် ၁၄ ပါ ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများသည် ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့က ပြဋ္ဌာန်းလိုက်သော ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်၍ သဘောထားရယူရန် လိုအပ်သည်ဟု ထင်မြင်ယူဆလျှင် စိစစ်ပြန်ကြားစေလိုသော အချက်ကို ဖော်ပြ၍ ခုံရုံးသို့ တင်သွင်းစိစစ်စေနိုင်သည်။

(၂) တင်သွင်းလွှာတွင် ကိုးကားသည့် အထောက်အထား၊ စာရွက်စာတမ်းများ ပြည့်စုံစွာ ပူးတွဲပါရှိစေရမည်။

(၃) ခုံရုံးသည် ပုဒ်မခွဲ (၁) အရ တင်သွင်းလာသောကိစ္စရပ်ကို စိစစ်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ မှတ်တမ်းများ၊ ဥပဒေကြမ်းအပေါ် ဆွေးနွေးချက်များကို တောင်းခေါ်ကြည့်ရှုနိုင်သည်။

၁၇-ခ (၁) ပုဒ်မ ၁၃ နှင့် ၁၄ ပါ ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများသည် ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ၏ အုပ်ချုပ်မှုဆိုင်ရာအာဏာပိုင်များ၏ ဆောင်ရွက်ချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်၍ သဘောထားရယူရန် လိုအပ်သည်ဟု ထင်မြင်ယူဆလျှင် စိစစ်ပြန်ကြားစေလိုသော အချက်ကို ဖော်ပြ၍ ခုံရုံးသို့ တင်သွင်းစိစစ်စေနိုင်သည်။

(၂) ခုံရုံးသည် ပုဒ်မခွဲ (၁) အရ တင်သွင်းလွှာကို လက်ခံရရှိသည့်အခါ သက်ဆိုင်ရာ အာဏာပိုင်အား ယင်း၏ဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ စာဖြင့် ရှင်းလင်းတင်ပြခွင့်ပေးရမည်။"

၅။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ အခန်း (၅) ၏ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည် -

"တင်သွင်းလွှာကို စစ်ဆေးခြင်း၊ ကြားနာခြင်း၊ အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ သဘောထားပြန်ကြားခြင်း၊ ဆုံးဖြတ်ခြင်း"

၆။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၁၈ ကို အောက်ပါအတိုင်း အစားထိုး ရမည် -

"၁၈။ ဥက္ကဋ္ဌသည် ပုဒ်မ ၁၆ သို့မဟုတ် ပုဒ်မ ၁၇ သို့မဟုတ် ပုဒ်မ ၁၇-က သို့မဟုတ် ပုဒ်မ ၁၇-ခ အရ တင်သွင်းသော တင်သွင်းလွှာ ပြည့်စုံမှု ရှိ မရှိ စစ်ဆေးတင်ပြရန် နိုင်ငံတော်သမ္မတက ရွေးချယ်သည့် အဖွဲ့ဝင်များအနက်မှ တစ်ဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်သည့် အဖွဲ့ဝင် များအနက်မှ တစ်ဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်သည့် အဖွဲ့ဝင်များအနက်မှ တစ်ဦးတို့ ပါဝင်သော တင်သွင်းလွှာစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းပေးရမည်။"

၇။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၁၉ ၌ ပါရှိသော "စိစစ်ရေးအဖွဲ့သည် တင်ပြချက်များနှင့်စပ်လျဉ်း၍" ဆိုသည့် စကားရပ်အစား **"တင်သွင်းလွှာစစ်ဆေးရေးအဖွဲ့သည် တင်သွင်းလွှာ နှင့်စပ်လျဉ်း၍"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၁၉ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ပုဒ်မ ၁၂ ပါ လုပ်ငန်းတာဝန်များအနက် မည်သည့်အချက်ကို တင်သွင်းကြောင်း ခွဲခြားစစ်ဆေး ရမည်။ စပ်ဆိုင်သောအချက်အလက်များနှင့် ခိုင်လုံသောအထောက်အထား၊ စာရွက်စာတမ်းများ ရှင်းလင်းပြည့်စုံစွာ ပူးတွဲပါရှိခြင်း ရှိ မရှိ စစ်ဆေးရမည်။ ယင်းသို့စစ်ဆေးရာတွင် ပြည့်စုံမှု မရှိကြောင်း တွေ့ရှိပါက လိုအပ်ချက်များကို သတ်မှတ်ချိန်အတွင်း တင်ပြစေရမည်။ ရှင်းလင်း ပြည့်စုံအောင် တင်သွင်းခြင်းမပြုပါက တင်သွင်းလွှာကို ငြင်းပယ်နိုင်သည်။"

၉။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၁၉ ပုဒ်မခွဲ (ခ) တွင် ပါရှိသော **"ပြန်လည် ရှင်းလင်းရမည့်"** ဆိုသည့် စကားရပ်နောက်၌ **"သို့မဟုတ် တင်သွင်းလွှာနှင့်အကျိုးသက်ဆိုင်သော"** ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၁၀။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၂၁ ၏ ပုဒ်မခွဲ (စ) ကို ပယ်ဖျက်ရမည်။

၁၁။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၂၁ ၏နောက်တွင် ပုဒ်မ ၂၁-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၂၁-က ခုံရုံးသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် တရားမကျင့်ထုံးဥပဒေ၊ ပြစ်မှု ဆိုင်ရာကျင့်ထုံးဥပဒေ၊ သက်သေခံအက်ဥပဒေပါ ပြဋ္ဌာန်းချက်များမှ စပ်ဆိုင်သည့် ပြဋ္ဌာန်းချက် များကို ဆီလျော်သလို ကျင့်သုံးဆောင်ရွက်နိုင်သည်။"

၁၂။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၂၂ ၏ ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည် -

"အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ သဘောထားပြန်ကြားခြင်း၊ ဆုံးဖြတ်ခြင်း"

၁၃။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၂၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၂။ ခုံရုံးသည် -

(က) ကြားနာပြီးနောက် အဓိပ္ပာယ်ဖွင့်ဆိုချက်၊ သဘောထား၊ ဆုံးဖြတ်ချက်ကို ဆောလျင်စွာ ချမှတ်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

(ခ) အဓိပ္ပာယ်ဖွင့်ဆိုချက်၊ သဘောထား၊ ဆုံးဖြတ်ချက်ချမှတ်မည့်နေ့ကို ကြိုတင်ကြေညာရမည်။

(ဂ) ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် သဘောထားကို ခုံရုံး၏ထက်ဝက်ကျော် သဘောတူညီချက်ဖြင့် ချမှတ်ရမည်။

(ဃ) ခုံရုံး၏ဆုံးဖြတ်ချက်ကို ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်ထက်ဝက်ကျော်၏ သဘောတူညီချက်ဖြင့် ချမှတ်ရမည်။

(င) ပုဒ်မ ၁၂ ပုဒ်မခွဲ (က) အရ တင်သွင်းလွှာများအတွက် ခုံရုံး၏အဓိပ္ပာယ်ဖွင့်ဆိုချက်အဖြစ်လည်းကောင်း၊ ပုဒ်မ ၁၇-က၊ ၁၇-ခ အရ တင်သွင်းလွှာများအတွက် သဘောထားအဖြစ်လည်းကောင်း၊ ပုဒ်မ ၁၂ ပုဒ်မခွဲ (ဃ)၊ (င)၊ (စ) နှင့် (ဆ) တို့အရ တင်သွင်းလွှာများအတွက် ဆုံးဖြတ်ချက်အဖြစ်လည်းကောင်း ချမှတ်ရာတွင် ခုံရုံးကိုယ်စား ဥက္ကဋ္ဌက လက်မှတ်ရေးထိုး၍ ဥက္ကဋ္ဌကဖြစ်စေ၊ ဥက္ကဋ္ဌ၏တာဝန်ပေးချက်အရ အဖွဲ့ဝင်တစ်ဦးဦးကဖြစ်စေ အများပြည်သူရှေ့မှောက်တွင် ဖတ်ကြားရမည်။"

၁၄။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၁၅၊ ပုဒ်မ ၁၉ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၂၀၊ ပုဒ်မ ၂၁ တို့တွင် ပါရှိသော **"တင်ပြချက်"** ဆိုသည့် စကားရပ်ကို **"တင်သွင်းလွှာ"** ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၅။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၂၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၄။ ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားတို့သည် အပြီးအပြတ် အတည်ဖြစ်သည်။"

၁၆။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၂၅ ကို အောက်ပါအတိုင်း ပြင်ဆင်ရမည် -

"၂၅။ ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားတို့သည် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့်ပုဂ္ဂိုလ်များသို့လည်းကောင်း၊ သက်ဆိုင်ရာနေရာဒေသအသီးသီးသို့လည်းကောင်း အာဏာသက်ရောက်စေရမည်။"

၁၇။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၃၅ တွင် ပါရှိသော **"ဆုံးဖြတ်ချက်များ"** ဆိုသည့် စကားရပ်၏နောက်၌ **"အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် သဘောထားများ"** ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက် )

အမှတ် ၉၇ ။ ။ အောက်ဖော်ပြပါ မြို့နယ်တရားသူကြီး/တွဲဖက်မြို့နယ်တရားသူကြီး (၉) ဦးအား လက်ထောက်ညွှန်ကြားရေးမှူး/ဒုတိယခရိုင်တရားသူကြီးရာထူးသို့ အစမ်းတိုးမြှင့်ခန့်ထားပြီး ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသည့် တာဝန်များကို ထမ်းဆောင်ရန် သက်ဆိုင်ရာဒေသအသီးသီးသို့ ပြောင်းရွှေ့နေရာချထားလိုက်သည် -

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | လက်ရှိထမ်းဆောင်နေသည့် တာဝန်နှင့်ဒေသ | ပြောင်းရွှေ့ထမ်းဆောင်ရမည့် တာဝန်နှင့်ဒေသ |
|---|---|---|---|
| ၁ | ဒေါ်ခင်သန့်ဇင်<br>တ/၂၀၉၁ | မြို့နယ်တရားသူကြီး<br>မြို့နယ်တရားရုံး<br>ဒဂုံ | လက်ထောက်ညွှန်ကြားရေးမှူး<br>ရန်ကုန်တိုင်းဒေသကြီး<br>တရားလွှတ်တော် |
| ၂ | ဒေါ်ခင်မျိုးသစ်<br>တ/၂၁၀၄ | မြို့နယ်တရားသူကြီး<br>မြို့နယ်တရားရုံး<br>(စည်ပင်သာယာ)<br>ဇမ္ဗူသီရိ | လက်ထောက်ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| ၃ | ဦးဝင်းနိုင်<br>တ/၂၀၃၉ | မြို့နယ်တရားသူကြီး<br>မြို့နယ်တရားရုံး<br>မအူပင် | ဒုတိယခရိုင်တရားသူကြီး<br>(ခရိုင်တရားသူကြီးတာဝန်)<br>ခရိုင်တရားရုံး<br>မိုင်းဆတ်ခရိုင် |
| ၄ | ဒေါ်နော်မာဂရက်သာမီး<br>တ/၁၉၃၇ | မြို့နယ်တရားသူကြီး<br>မြို့နယ်တရားရုံး<br>ပန်းဘဲတန်း | လက်ထောက်ညွှန်ကြားရေးမှူး<br>ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် |
| ၅ | ဒေါ်ခင်မွှေး<br>တ/၁၉၀၉ | မြို့နယ်တရားသူကြီး<br>မြို့နယ်တရားရုံး<br>နောင်ချို | လက်ထောက်ညွှန်ကြားရေးမှူး<br>မန္တလေးတိုင်းဒေသကြီး<br>တရားလွှတ်တော် |
| ၆ | ဒေါ်ညွှန့်ညွှန့်ဝင်း<br>တ/၂၁၅၇ | မြို့နယ်တရားသူကြီး<br>မြို့နယ်တရားရုံး<br>တပ်ကုန်း | လက်ထောက်ညွှန်ကြားရေးမှူး<br>မွန်ပြည်နယ်တရားလွှတ်တော် |
| ၇ | ဦးရွှေမောင်<br>တ/၂၁၁၆ | မြို့နယ်တရားသူကြီး<br>မြို့နယ်တရားရုံး<br>ဒေးဒရဲ | ဒုတိယခရိုင်တရားသူကြီး<br>ခရိုင်တရားရုံး<br>ကော့သောင်းခရိုင် |
| ၈ | ဦးခင်မောင်ထွေး<br>တ/၂၂၇၇ | မြို့နယ်တရားသူကြီး<br>မြို့နယ်တရားရုံး<br>ကျောင်းကုန်း | ဒုတိယခရိုင်တရားသူကြီး<br>(ခရိုင်တရားသူကြီးတာဝန်)<br>ခရိုင်တရားရုံး<br>ဖလမ်းခရိုင် |

| **အမှတ်စဉ်** | **အမည်နှင့် ကိုယ်ပိုင်အမှတ်** | **လက်ရှိထမ်းဆောင်နေသည့် တာဝန်နှင့်ဒေသ** | **ပြောင်းရွှေ့ထမ်းဆောင်ရမည့် တာဝန်နှင့်ဒေသ** |
|---|---|---|---|
| ၉ | ဒေါ်သန်းငွေ<br>တ/၂၀၄၃ | တွဲဖက်မြို့နယ်တရားသူကြီး<br>မြို့နယ်တရားရုံး<br>ကျောင်းကုန်း | လက်ထောက်ညွှန်ကြားရေးမှူး<br>မကွေးတိုင်းဒေသကြီး<br>တရားလွှတ်တော် |

အစမ်းခန့်ထားသည့်ကာလ တစ်နှစ်ကုန်ဆုံးသည့်အခါ ၎င်းတို့၏ တာဝန်ဝတ္တရားဆောင်ရွက်မှု ကျေနပ်ဖွယ်တွေ့ရှိပါက တိုးမြှင့်ခန့်ထားသည့်ရာထူးတွင် အတည်ပြုခန့်ထားမည်ဖြစ်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၁၉၈/၂၀၁၄)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်
( ၂၀၁၄ ခုနှစ်၊ မတ်လ ၁၁ ရက် )

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးများအား ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသော မြို့နယ်တရားရုံးများတွင် မြို့နယ်တရားသူကြီးတာဝန် ထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည် -

| **အမှတ်စဉ်** | **အမည်နှင့် ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး** |
|---|---|---|
| ၁။ | ဦးမျိုးဆက်အေး<br>တ/၁၈၆၃ | မှော်ဘီ<br>ရန်ကုန်တိုင်းဒေသကြီး |
| ၂။ | ဒေါ်တင်ကြူကြူဝင်း<br>တ/၂၄၁၅ | ပေါက်ခေါင်း<br>ပဲခူးတိုင်းဒေသကြီး |
| ၃။ | ဒေါ်ချိုချိုနှင်း<br>တ/၂၅၁၅ | သပိတ်ကျင်း<br>မန္တလေးတိုင်းဒေသကြီး |
| ၄။ | ဦးတင်မြင့်<br>တ/၂၂၀၈ | မုဒုံ<br>မွန်ပြည်နယ် |
| ၅။ | ဒေါ်ခင်ဝင်းနိုင်<br>တ/၂၅၁၈ | မြိုင်<br>မကွေးတိုင်းဒေသကြီး |
| ၆။ | ဦးဝင်းမြင့်<br>တ/၂၁၀၂ | ပြင်ဦးလွင်<br>မန္တလေးတိုင်းဒေသကြီး |

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၇။ | ဦးကျော်စိုးမိုး<br>တ/၂၅၀၀ | ခနော်ဖြူ<br>ဧရာဝတီတိုင်းဒေသကြီး |
| ၈။ | ဦးကျော်နိုင်လတ်<br>တ/၂၅၂၉ | တောင်သာ<br>မန္တလေးတိုင်းဒေသကြီး |
| ၉။ | ဦးအေးနိုင်<br>တ/၂၆၉၄ | တန့်ဆည်<br>စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၀။ | ဦးမြင့်ဆွေ<br>တ/၂၂၉၅ | ပန်းတောင်း<br>ပဲခူးတိုင်းဒေသကြီး |
| ၁၁။ | ဦးဇော်ဝင်း<br>တ/၂၂၂၂ | ဆော<br>မကွေးတိုင်းဒေသကြီး |
| ၁၂။ | ဦးစိုးမင်း<br>တ/၂၄၃၉ | ကော့သောင်း<br>တနင်္သာရီတိုင်းဒေသကြီး |
| ၁၃။ | ဦးအောင်ဇေလင်း<br>တ/၂၄၂၄ | အမ်း<br>ရခိုင်ပြည်နယ် |
| ၁၄။ | ဒေါ်မာမာစိုး<br>တ/၂၂၃၀ | ကျိုင်းတုံ<br>ရှမ်းပြည်နယ် |
| ၁၅။ | ဦးအောင်မင်း<br>တ/၂၄၃၆ | ကော့ကရိတ်<br>ကရင်ပြည်နယ် |
| ၁၆။ | ဦးစိုးနိုင်<br>တ/၂၂၈၇ | မင်းကင်း<br>စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၇။ | ဒေါ်နွဲ့နွဲ့ဝင်း<br>တ/၂၁၈၃ | ကျောက်ဖြူ<br>ရခိုင်ပြည်နယ် |
| ၁၈။ | ဒေါ်လွင်လွင်ဌေး<br>တ/၂၅၄၈ | ဟိုပုံး<br>ရှမ်းပြည်နယ် |
| ၁၉။ | ဦးတော်တော်<br>တ/၂၄၅၀ | ဖောင်းပြင်<br>စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၀။ | ဦးမြင့်ဦး<br>တ/၂၃၈၈ | မိုးမောက်<br>ကချင်ပြည်နယ် |
| ၂၁။ | ဦးခင်ကျော်<br>တ/၂၂၂၅ | ဘော်လခဲ<br>ကယားပြည်နယ် |
| ၂၂။ | ဒေါ်တင်ဝါဝါသိန်း<br>တ/၂၄၀၅ | ရပ်စောက်<br>ရှမ်းပြည်နယ် |
| ၂၃။ | ဦးလှတိုး<br>တ/၂၄၄၁ | မာန်အောင်<br>ရခိုင်ပြည်နယ် |
| ၂၄။ | ဦးစိန်ကျော်ဖြူ<br>တ/၂၅၂၁ | ကောလင်း<br>စစ်ကိုင်းတိုင်းဒေသကြီး |

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၂၅။ | ဦးခင်ဇော်<br>တ/၂၅၈၁ | ဘုတ်ပြင်း<br>တနင်္သာရီတိုင်းဒေသကြီး |
| ၂၆။ | ဦးအောင်ကျော်ဦး<br>တ/၂၄၅၁ | ပင်လောင်း<br>ရှမ်းပြည်နယ် |
| ၂၇။ | ဦးကျော်လင်း<br>တ/၂၄၄၆ | မိုးကောင်း<br>ကချင်ပြည်နယ် |
| ၂၈။ | ဒေါ်ခင်ဝင်းမေ<br>တ/၂၄၂၈ | သိန္နီ<br>ရှမ်းပြည်နယ် |
| ၂၉။ | ဦးမြင့်အောင်<br>တ/၂၆၂၅ | ဝိုင်းမော်<br>ကချင်ပြည်နယ် |
| ၃၀။ | ဦးထွန်းနိုင်<br>တ/၂၅၈၀ | လွိုင်လင်<br>ရှမ်းပြည်နယ် |
| ၃၁။ | ဦးဦးသိန်းထွန်း<br>တ/၂၆၀၈ | ရေဖြူ<br>တနင်္သာရီတိုင်းဒေသကြီး |
| ၃၂။ | ဦးဝင်းငွေ<br>တ/၂၆၁၂ | ထန်တလန်<br>ချင်းပြည်နယ် |
| ၃၃။ | ဒေါ်ဖြူဖြူခိုင်<br>တ/၂၄၉၀ | ဖယ်ခုံ<br>ရှမ်းပြည်နယ် |
| ၃၄။ | ဦးသိန်းသန်းထွန်း<br>တ/၂၅၉၈ | မံစီ<br>ကချင်ပြည်နယ် |
| ၃၅။ | ဒေါ်သန်းသန်းဝင်း<br>တ/၂၅၄၄ | ဆီဆိုင်<br>ရှမ်းပြည်နယ် |
| ၃၆။ | ဦးဝင်းမြင့်စိုး<br>တ/၂၇၃၄ | ပူတာအို<br>ကချင်ပြည်နယ် |
| ၃၇။ | ဒေါ်စိုးမာအေး<br>တ/၂၅၉၇ | ပင်းတယ<br>ရှမ်းပြည်နယ် |
| ၃၈။ | ဒေါ်အေးအေးအောင်<br>တ/၂၂၆၅ | ကျောက်ဆည်<br>မန္တလေးတိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၂၀၀/၂၀၁၄)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၁၁ ရက် )

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်တရားရုံးမှ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီး ဒေါ်မိမိအောင် (တ/၂၃၅၀) အား မြို့နယ်တရားသူကြီးတာဝန် ထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၂၀၁/၂၀၁၄)**

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၁၁ ရက် )

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၃ အရ မိုးမိတ်ခရိုင် တရားရုံးအား အောက်ဖော်ပြပါမြို့နယ်များတွင် ဖြစ်ပွားသော ပြစ်မှုဆိုင်ရာအမှုများနှင့် တရားမမှုများကို စစ်ဆေးစီရင်နိုင်ရန် စီရင်ပိုင်ခွင့်အာဏာ အပ်နှင်းလိုက်သည် -

(က) မိုးမိတ်မြို့နယ်

(ခ) မဘိမ်းမြို့နယ်

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၁၄)**

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်

( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၉ ရက် )

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် ခုံရုံးလုပ်ငန်းတာဝန်များ၊ ဝန်ထမ်းရေးရာကိစ္စများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ ခုံရုံးနှင့်သက်ဆိုင်သောလုပ်ငန်းများ၊ ဝန်ထမ်းရေးရာကိစ္စများတွင် စွမ်းဆောင်ရည်မြှင့်တင်ပေးရန်အတွက်လည်းကောင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး စီမံခန့်ခွဲရေးကော်မတီကို အောက်ပါအတိုင်း ပြန်လည်ဖွဲ့စည်းလိုက်သည် -

(က) ဦးမြသိန်း (ဥက္ကဋ္ဌ) — ဥက္ကဋ္ဌ
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

(ခ) ဦးမြင့်ဝင်း (အဖွဲ့ဝင်) — အဖွဲ့ဝင်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

(ဂ) ဦးသန်းကျော် (အဖွဲ့ဝင်) — အဖွဲ့ဝင်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

(ဃ) ဒေါ်လှမျိုးနွယ် (အဖွဲ့ဝင်) — အဖွဲ့ဝင်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

(င) ဦးမြသိန်း (အဖွဲ့ဝင်) — အဖွဲ့ဝင်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

(စ) ဒေါက်တာသီတာဦး (အဖွဲ့ဝင်) — အဖွဲ့ဝင်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

(ဆ) ဦးတင်မြင့် (အဖွဲ့ဝင်) — အဖွဲ့ဝင်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

(ဇ) ဒေါ်ကျင်စန်း (အဖွဲ့ဝင်) — အဖွဲ့ဝင်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

(ဈ) ဦးမျိုးချစ် (အဖွဲ့ဝင်) — အဖွဲ့ဝင်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

(ည) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

(ဋ) ဒုတိယညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

(ဌ) ရုံးအဖွဲ့မှူး — အတွင်းရေးမှူး
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

၂။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး စီမံခန့်ခွဲရေးကော်မတီသည် အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ကျွမ်းကျင်ရာအလိုက် လုပ်ငန်းကဏ္ဍ ပိုင်းခြား၍လည်းကောင်း၊ အဖွဲ့လိုက်စုစည်း၍လည်းကောင်း ဆောင်ရွက်ကြရမည်ဖြစ်သည် -

(က) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ၊ နည်းဥပဒေနှင့် အခြားတည်ဆဲဥပဒေများက ပေးအပ်ထားသောတာဝန်များကို ထိရောက်အောင်မြင်စွာ ထမ်းဆောင်နိုင်ရေးအတွက် ကြိုတင်စီစဉ်မှု၊ လေ့လာမှု၊ ဆွေးနွေးမှုများကို အပတ်စဉ်ပြုလုပ်ကြရမည်။

(ခ) ခုံရုံး၏ အမှုစစ်ဆေးကြားနာဆုံးဖြတ်ခြင်းဆိုင်ရာရုံးလုပ်ငန်းများတွင် စည်းစနစ်ကျစေရန် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်စေရန် ဝန်ထမ်းများအား စာတွေ့လက်တွေ့သင်ကြားပေးရမည်။

(ဂ) အမှုစိစစ်ခြင်း၊ ကြားနာခြင်း၊ ဆုံးဖြတ်ခြင်းလုပ်ငန်းများအတွက်လည်းကောင်း၊ အခြားရုံးလုပ်ငန်းများအတွက်လည်းကောင်း အထောက်အကူပြုမည့် စာအုပ်စာတမ်းများ၊ မှတ်တမ်းများ၊ သတင်းအချက်အလက်များကို စနစ်တကျစုဆောင်းထိန်းသိမ်းထားရှိရမည်။

(ဃ) အရာထမ်း၊ အမှုထမ်းများ စည်းကမ်းနှင့်အညီ တာဝန်ထမ်းဆောင်နိုင်ရန်အတွက် ကြီးကြပ်ခြင်း၊ စိစစ်ခြင်း၊ လမ်းညွှန်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြရမည်။

(င) အရာထမ်း၊ အမှုထမ်းများ ရာထူးတိုးခြင်း၊ စိစစ်အရေးယူခြင်း၊ အပြစ်ပေးခြင်းနှင့် ဆုပေး၊ ဒဏ်ပေးခြင်းကိစ္စများကို တည်ဆဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြရမည်။

(စ) အရာထမ်း၊ အမှုထမ်းများ အရည်အသွေးတိုးမြှင့်ရေးအတွက် လေ့ကျင့်ရေးနှင့် သုတေသနလုပ်ငန်းများကို အစီအစဉ်များ ချမှတ်ပြီး စဉ်ဆက်မပြတ်ဆောင်ရွက်ကြရမည်။ ပြည်တွင်းပြည်ပ အဆင့်မြင့်သင်တန်းများ စေလွှတ်နိုင်ရေး စီစဉ်ဆောင်ရွက်ရမည်။ အင်္ဂလိပ်စာကျွမ်းကျင်မှုအရည်အသွေးမြှင့်တင်ရေးအတွက် နည်းလမ်းများ ရှာကြံပြီး စဉ်ဆက်မပြတ်ဆောင်ရွက်ရမည်။

(ဆ) အရာထမ်း၊ အမှုထမ်းများ အေးချမ်းသာယာစွာ တာဝန်ထမ်းဆောင်နိုင်ရေးအတွက် နည်းလမ်းများရှာကြံပြီး စီစဉ်ဆောင်ရွက်ပေးရမည်။

၃။ စီမံခန့်ခွဲရေးကော်မတီ အဖွဲ့ဝင်အသီးသီးသည် ဖော်ပြပါလုပ်ငန်းများ အောင်မြင်ရန်အတွက် မိမိတို့ကျွမ်းကျင်ရာကဏ္ဍများတွင် ဦးဆောင်ပါဝင်ကြရမည်ဖြစ်ပါသည်။ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် အဖွဲ့ငယ်များ ဖွဲ့၍လည်းကောင်း၊ သင့်လျော်ရာ တစ်ဦးချင်းကို တာဝန်ပေး၍လည်းကောင်း ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကော်မတီတစ်ရပ်လုံးသို့ တင်ပြရန်လိုအပ်သော အကြောင်းကိစ္စများကို ဥက္ကဋ္ဌထံ ကြိုတင်တင်ပြရမည်။

၄။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ၂၀၁၃ ခုနှစ်၊ မတ်လ ၇ ရက်စွဲပါ စာအမှတ်၊ ၁၉/(၈-၈)/ရုံးအဖွဲ့/ခုံရုံး (၂၀၁၃)၊ အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၃) ဖြင့် ဖွဲ့စည်းထားသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းခြင်းအမိန့်ကို ဤအမိန့်ဖြင့် အစားထိုးဖွဲ့စည်းလိုက်သည်။

မြသိန်း
ဥက္ကဋ္ဌ
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၃ ရက် )

အမှတ် ၁၃ ။ ။ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ စီမံခန့်ခွဲရေးကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၄) ဆုံးဖြတ်ချက်အရ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ဦးဆွေတင့်လွင် (ခ/၁၀၀၆) အား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူးရာထူး လစာနှုန်း (၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀) နေရာသို့ တာဝန်ဝတ္တရားများ အမှန်တကယ်စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

မြသိန်း
ဥက္ကဋ္ဌ
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၁၄

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက် )

### ပြောင်းရွှေ့ခန့်အပ်တာဝန်ချထားခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၄၇/၂၀၁၃ နှင့် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၅၀/၂၀၁၃ တို့ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးအဆင့်ဆင့်တွင် လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးနေရာများ၌ ခန့်ထားခဲ့သော အောက်ဖော်ပြပါ အရာထမ်းများအား ယင်းတို့၏အမည်နှင့်ယှဉ်တွဲဖော်ပြပါ တိုင်းဒေသကြီး/ပြည်နယ်နှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအသီးသီးသို့ ပြောင်းရွှေ့ခန့်အပ်တာဝန်ချထားလိုက်သည် -

| စဉ် | အမည် | ရာထူး | ကော်မရှင်အဖွဲ့ခွဲရုံး |
|---|---|---|---|
| | **ကချင်ပြည်နယ်** | | |
| (၁) | ဦးထွန်းအောင်ခိုင် | လက်ထောက်ညွှန်ကြားရေးမှူး | ကချင်ပြည်နယ် |
| (၂) | ဦးအောင်ကျော်ဆင့် | လက်ထောက်ညွှန်ကြားရေးမှူး | မိုးညှင်းခရိုင် |
| (၃) | ဦးကျော်စိုးအောင် | လက်ထောက်ညွှန်ကြားရေးမှူး | မြစ်ကြီးနားခရိုင် |
| | **ကယားပြည်နယ်** | | |
| (၄) | ဦးကျော်ဆန်းဝင်း | လက်ထောက်ညွှန်ကြားရေးမှူး | လွိုင်ကော်ခရိုင် |

| စဉ် | အမည် | ရာထူး | ကော်မရှင်အဖွဲ့ခွဲရုံး |
|---|---|---|---|
| | **ကရင်ပြည်နယ်** | | |
| (၅) | ဦးမိုးကျော်သူ | လက်ထောက်ညွှန်ကြားရေးမှူး | ကရင်ပြည်နယ် |
| (၆) | ဦးကျော်ကျော်ထွန်း | လက်ထောက်ညွှန်ကြားရေးမှူး | ကော့ကရိတ်ခရိုင် |
| (၇) | ဦးမောင်မောင်နိုင် | လက်ထောက်ညွှန်ကြားရေးမှူး | ဘားအံခရိုင် |
| (၈) | ဦးလင်းနိုင်စိုး | လက်ထောက်ညွှန်ကြားရေးမှူး | မြဝတီခရိုင် |
| | **ချင်းပြည်နယ်** | | |
| (၉) | ဦးလင်းကျော် | လက်ထောက်ညွှန်ကြားရေးမှူး | ချင်းပြည်နယ် |
| (၁၀) | ဦးဇော်ဝင်းထိုက် | လက်ထောက်ညွှန်ကြားရေးမှူး | ဟားခါးခရိုင် |
| | **စစ်ကိုင်းတိုင်းဒေသကြီး** | | |
| (၁၁) | ဦးသန့်ဇင်အောင် | လက်ထောက်ညွှန်ကြားရေးမှူး | ကလေးခရိုင် |
| (၁၂) | ဦးသိန်းစိုး | လက်ထောက်ညွှန်ကြားရေးမှူး | ကသာခရိုင် |
| (၁၃) | ဦးဇော်နောင်လတ် | လက်ထောက်ညွှန်ကြားရေးမှူး | စစ်ကိုင်းခရိုင် |
| (၁၄) | ဦးသောင်းဒန် | လက်ထောက်ညွှန်ကြားရေးမှူး | မုံရွာခရိုင် |
| (၁၅) | ဦးလေးနိုင် | လက်ထောက်ညွှန်ကြားရေးမှူး | ယင်းမာပင်ခရိုင် |
| (၁၆) | ဦးအောင်မင်းဦး | လက်ထောက်ညွှန်ကြားရေးမှူး | ရွှေဘိုခရိုင် |
| | **တနင်္သာရီတိုင်းဒေသကြီး** | | |
| (၁၇) | ဦးသက်ထူးတင် | လက်ထောက်ညွှန်ကြားရေးမှူး | ထားဝယ်ခရိုင် |
| (၁၈) | ဦးလှိုင်ဘွား | လက်ထောက်ညွှန်ကြားရေးမှူး | မြိတ်ခရိုင် |
| | **ပဲခူးတိုင်းဒေသကြီး** | | |
| (၁၉) | ဦးကိုကိုဦး | လက်ထောက်ညွှန်ကြားရေးမှူး | တောင်ငူခရိုင် |
| (၂၀) | ဦးမင်းသက်နောင် | လက်ထောက်ညွှန်ကြားရေးမှူး | ပဲခူးခရိုင် |
| (၂၁) | ဦးဝေနော် | လက်ထောက်ညွှန်ကြားရေးမှူး | ပြည်ခရိုင် |
| (၂၂) | ဦးထွန်းလွင် | လက်ထောက်ညွှန်ကြားရေးမှူး | သာယာဝတီခရိုင် |
| | **မကွေးတိုင်းဒေသကြီး** | | |
| (၂၃) | ဦးနေမျိုး | လက်ထောက်ညွှန်ကြားရေးမှူး | ဂန့်ဂေါခရိုင် |
| (၂၄) | ဦးဇော်သူ | လက်ထောက်ညွှန်ကြားရေးမှူး | ပခုက္ကူခရိုင် |
| (၂၅) | ဦးအောင်သူရ | လက်ထောက်ညွှန်ကြားရေးမှူး | မကွေးခရိုင် |
| (၂၆) | ဦးဝင်းဇော် | လက်ထောက်ညွှန်ကြားရေးမှူး | မင်းဘူးခရိုင် |
| (၂၇) | ဦးဝင်းနိုင် | လက်ထောက်ညွှန်ကြားရေးမှူး | သရက်ခရိုင် |

| စဉ် | အမည် | ရာထူး | ကော်မရှင်အဖွဲ့ခွဲရုံး |
|---|---|---|---|
| | **မန္တလေးတိုင်းဒေသကြီး** | | |
| (၂၈) | ဦးအောင်မျိုးဆန်း | လက်ထောက်ညွှန်ကြားရေးမှူး | မန္တလေးတိုင်းဒေသကြီး |
| (၂၉) | ဦးအောင်ဟိန်း | လက်ထောက်ညွှန်ကြားရေးမှူး | ကျောက်ဆည်ခရိုင် |
| (၃၀) | ဦးဇော်မင်း | လက်ထောက်ညွှန်ကြားရေးမှူး | ညောင်ဦးခရိုင် |
| (၃၁) | ဦးသန့်စင်စိုး | လက်ထောက်ညွှန်ကြားရေးမှူး | ပြင်ဦးလွင်ခရိုင် |
| (၃၂) | ဦးတင်မင်းအေး | လက်ထောက်ညွှန်ကြားရေးမှူး | မန္တလေးခရိုင် |
| (၃၃) | ဦးကျော်စိုးနိုင် | လက်ထောက်ညွှန်ကြားရေးမှူး | မိတ္ထီလာခရိုင် |
| (၃၄) | ဦးအောင်ဇော် | လက်ထောက်ညွှန်ကြားရေးမှူး | မြင်းခြံခရိုင် |
| (၃၅) | ဦးထွန်းထွန်းဝင်း | လက်ထောက်ညွှန်ကြားရေးမှူး | ရမည်းသင်းခရိုင် |
| | **မွန်ပြည်နယ်** | | |
| (၃၆) | ဦးခင်မောင်လွင် | လက်ထောက်ညွှန်ကြားရေးမှူး | မွန်ပြည်နယ် |
| (၃၇) | ဦးထင်ကျော် | လက်ထောက်ညွှန်ကြားရေးမှူး | မော်လမြိုင်ခရိုင် |
| (၃၈) | ဦးသက်နိုင်ဦး | လက်ထောက်ညွှန်ကြားရေးမှူး | သထုံခရိုင် |
| | **ရခိုင်ပြည်နယ်** | | |
| (၃၉) | ဦးသူရိန်ထွန်း | လက်ထောက်ညွှန်ကြားရေးမှူး | ရခိုင်ပြည်နယ် |
| (၄၀) | ဦးဆန်းဝင်းထွန်း | လက်ထောက်ညွှန်ကြားရေးမှူး | မောင်တောခရိုင် |
| | **ရန်ကုန်တိုင်းဒေသကြီး** | | |
| (၄၁) | ဦးမိုးသက်ထူး | လက်ထောက်ညွှန်ကြားရေးမှူး | ရန်ကုန် (မြောက်ပိုင်း) ခရိုင် |
| (၄၂) | ဦးမင်းကိုအောင် | လက်ထောက်ညွှန်ကြားရေးမှူး | ရန်ကုန် (အရှေ့ပိုင်း) ခရိုင် |
| (၄၃) | ဦးသန်းဇော်ထွေး | လက်ထောက်ညွှန်ကြားရေးမှူး | ရန်ကုန် (တောင်ပိုင်း) ခရိုင် |
| (၄၄) | ဦးအာကာသောင်း | လက်ထောက်ညွှန်ကြားရေးမှူး | ရန်ကုန် (အနောက်ပိုင်း) ခရိုင် |
| | **ရှမ်းပြည်နယ်** | | |
| (၄၅) | ဦးနှစ်ဆန်းဦး | လက်ထောက်ညွှန်ကြားရေးမှူး | ရှမ်းပြည်နယ် |
| (၄၆) | ဦးကျော်ကျော် | လက်ထောက်ညွှန်ကြားရေးမှူး | ကျောက်မဲခရိုင် |
| (၄၇) | ဦးရန်နောင်စိုး | လက်ထောက်ညွှန်ကြားရေးမှူး | တာချီလိတ်ခရိုင် |
| (၄၈) | ဦးဇော်မြင့်ဝင်း | လက်ထောက်ညွှန်ကြားရေးမှူး | တောင်ကြီးခရိုင် |
| (၄၉) | ဦးအောင်ကျော်စိုး | လက်ထောက်ညွှန်ကြားရေးမှူး | မူဆယ်ခရိုင် |
| (၅၀) | ဦးအောင်စိုးမင်း | လက်ထောက်ညွှန်ကြားရေးမှူး | လားရှိုးခရိုင် |
| (၅၁) | ဦးသိန်းနိုင် | လက်ထောက်ညွှန်ကြားရေးမှူး | လွိုင်လင်ခရိုင် |
| (၅၂) | ဦးကိုကိုအောင် | လက်ထောက်ညွှန်ကြားရေးမှူး | ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ |

| စဉ် | အမည် | ရာထူး | ကော်မရှင်အဖွဲ့ခွဲရုံး |
|---|---|---|---|
| | **ဧရာဝတီတိုင်းဒေသကြီး** | | |
| (၅၃) | ဦးရဲမြင့်ထွန်း | လက်ထောက်ညွှန်ကြားရေးမှူး | ဧရာဝတီတိုင်းဒေသကြီး |
| (၅၄) | ဦးဇော်နိုင်ဦး | လက်ထောက်ညွှန်ကြားရေးမှူး | ပုသိမ်ခရိုင် |
| (၅၅) | ဦးဇော်မင်းထွန်း | လက်ထောက်ညွှန်ကြားရေးမှူး | ဖျာပုံခရိုင် |
| (၅၆) | ဦးမြင့်နိုင် | လက်ထောက်ညွှန်ကြားရေးမှူး | မအူပင်ခရိုင် |
| (၅၇) | ဦးကျော်ဆန်းဝင်း | လက်ထောက်ညွှန်ကြားရေးမှူး | မြောင်းမြခရိုင် |
| (၅၈) | ဦးမင်းစိုးဦး | လက်ထောက်ညွှန်ကြားရေးမှူး | လပွတ္တာခရိုင် |
| (၅၉) | ဦးအောင်ကျော်မိုး | လက်ထောက်ညွှန်ကြားရေးမှူး | ဟင်္သာတခရိုင် |
| | **နေပြည်တော်** | | |
| (၆၀) | ဦးကျော်မင်းဇော် | လက်ထောက်ညွှန်ကြားရေးမှူး | နေပြည်တော် |

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၁၄

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်
( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက် )

### ပြောင်းရွှေ့ခန့်အပ်တာဝန်ချထားခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၃ ခုနှစ်၊ မေလ ၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၁၃၊ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၈/၂၀၁၃ နှင့် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၃/၂၀၁၃ တို့ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးအဆင့်ဆင့်တွင် ဦးစီးအရာရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူးနေရာများ၌ ခန့်ထားခဲ့သော အောက်ဖော်ပြပါ အရာထမ်း (၆) ဦးအား ယင်းတို့၏အမည်နှင့် ယှဉ်တွဲဖော်ပြပါ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအသီးသီးသို့ ပြောင်းရွှေ့ခန့်အပ် တာဝန်ချထားလိုက်သည် -

| စဉ် | အမည် | ရာထူး | ပြောင်းရွှေ့ခန့်ထားသည့်ရုံး |
|---|---|---|---|
| (၁) | ဦးစောလွင် | ဦးစီးအရာရှိ | မကွေးမြို့နယ် |
| (၂) | ဦးဝင်းမျိုးထက် | ဦးစီးအရာရှိ | မြောက်ဥက္ကလာပမြို့နယ် |
| (၃) | ဦးအောင်အောင် | ဦးစီးအရာရှိ | လမ်းမတော်မြို့နယ် |
| (၄) | ဦးကျော်ကျော်မြင့် | ဦးစီးအရာရှိ | ချမ်းအေးသာဇံမြို့နယ် |

| စဉ် | အမည် | ရာထူး | ပြောင်းရွှေ့ခန့်ထားသည့်ရုံး |
|---|---|---|---|
| (၅) | ဦးမင်းစိုးနိုင် | ဦးစီးအရာရှိ | ပြည်ကြီးတံခွန်မြို့နယ် |
| (၆) | ဦးဝေလင်း | ဦးစီးအရာရှိ | ကျောက်တံတားမြို့နယ် |

တင်အေး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် ၁၆/၂၀၁၄

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက် )

### နုတ်ထွက်ခွင့်ပြုခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဒေါက်တာဒေါ်မြင့်ကြည်၏ ကိုယ်ရေးအရာရှိ ဒေါ်ငြိမ်းဆုရည် [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၂/တမန (နိုင်) ၁၀၈၅၇၃] သည် ဗိုလ်လောင်း သင်တန်း အမှတ်စဉ် (၁) သို့ တက်ရောက်ရမည်ဖြစ်ပါ၍ အလုပ်မှနုတ်ထွက်ခွင့်ပြုပါရန် လျှောက်ထားလာ ပါသဖြင့် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့ ညနေပိုင်းမှစ၍ ၎င်း၏ဆန္ဒအလျောက် ကိုယ်ရေး အရာရှိရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

တင်အေး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် ၁၈/၂၀၁၄

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက် )

### ပြောင်းရွှေ့ခန့်အပ်တာဝန်ချထားခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၃ ခုနှစ်၊ မေလ ၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၂၆/၂၀၁၃ ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးအဆင့်ဆင့်တွင် ဦးစီးအရာရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူးနေရာ၌ ခန့်ထားခဲ့ပြီး လုပ်ငန်းလိုအပ်ချက်အရ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးတွင် တွဲဖက်ထားခဲ့သော ဦးစီးအရာရှိ ဦးခွန်မြတ်ဆန်းထွန်းအား ၂၀၁၄ ခုနှစ်၊

ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှစ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသို့ ပြောင်းရွှေ့ခန့်အပ် တာဝန်ချထားလိုက်သည်။

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၁၄**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက် )

**ပြောင်းရွှေ့ခန့်အပ်တာဝန်ချထားခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ စီမံဌာနခွဲ၊ စီမံ/ဝန်ထမ်းဌာနစုမှ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ဦးစီးအရာရှိ ဒေါ်အေးအေးမော်အား ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ ပြောင်းရွှေ့ခန့်အပ် တာဝန်ချထားလိုက်သည်။

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၁၄**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၃ ရက် )

**ကိုယ်ရေးအရာရှိ ခန့်ထားခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဒေါက်တာဒေါ်မြင့်ကြည်မှ ယင်း၏ကိုယ်ရေးအရာရှိအဖြစ် ခန့်အပ်ထားရန် အဆိုပြုလာသည့် ဒေါ်အေးမြသွယ် [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၅/မမန (နိုင်) ၀၈၁၅၈၂] အား ကိုယ်ရေးအရာရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူးနေရာတွင် ၂၀၁၄ ခုနှစ်၊ မတ်လ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

၂။ လစာနှုန်းထား (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၁၃၀,၀၀၀/- ကို ခံစားခွင့်ပြုလိုက်သည်။

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၈/၂၀၁၄)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၆ ရက် )

**ရခိုင်အမျိုးသားပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

အမှတ် (၃၉၃)၊ လမ်းမကြီး၊ လမ်းမတော်တောင်ရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ရခိုင်အမျိုးသားပါတီ**အား ၂၀၁၄ ခုနှစ်၊ မတ်လ ၆ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**ရခိုင်အမျိုးသားပါတီ**၏ မှတ်ပုံတင်အမှတ်မှာ **( ၇၄ )** ဖြစ်ပါသည်။

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၉/၂၀၁၄)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၆ ရက် )

**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍**
**ပါတီအား ဖျက်သိမ်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် **ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ** Rakhine Nationalities Development Party (RNDP) ကို မှတ်ပုံတင်အမှတ် (၂၈) ဖြင့် ၂၀၁၀ ပြည့်နှစ်၊ ဇွန်လ ၁ ရက်စွဲပါ ကြေညာချက်အမှတ် (၆၈/၂၀၁၀) ဖြင့်လည်းကောင်း၊ **ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ**ကို မှတ်ပုံတင်အမှတ် (၅၄) ဖြင့် ၂၀၁၂ ခုနှစ်၊ မေလ ၃၀ ရက်စွဲပါ ကြေညာချက်အမှတ် (၂၈/၂၀၁၂) ဖြင့်လည်းကောင်း နိုင်ငံရေးပါတီများအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ **ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ**နှင့် **ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ**တို့ ပူးပေါင်း၍ ပါတီတစ်ခုတည်းအဖြစ် ဖွဲ့စည်းပြီး ပါတီလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် **ရခိုင်အမျိုးသားပါတီ**အဖြစ် မှတ်ပုံတင်ခွင့်ပြုပါရန် လျှောက်ထားခဲ့ရာ ကော်မရှင်က လိုအပ်သလို စိစစ်ပြီး **ရခိုင်အမျိုးသားပါတီ**ကို မှတ်ပုံတင်အမှတ် (၇၄) ဖြင့် ၂၀၁၄ ခုနှစ်၊ မတ်လ ၆ ရက်စွဲပါ ကြေညာချက်အမှတ် (၈/၂၀၁၄) ဖြင့် မှတ်ပုံတင်ခွင့်ပြုပါသည်။ ထိုသို့ မှတ်ပုံတင်ခွင့်ပြုခဲ့သည့်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၃) အရ **ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ**နှင့် **ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ**တို့ကို

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီများကို ဖျက်သိမ်းရမည်ဖြစ်ပါသည်။ ထိုသို့ ဖျက်သိမ်းလိုက်သော ပါတီများ၏ ပါတီတစ်ခုချင်းစီပိုင် ပါတီပိုင်ပစ္စည်းများအားလုံးကို **ရခိုင်အမျိုးသားပါတီ**ပိုင် ပစ္စည်းများအဖြစ် စာရင်းပြောင်းလက်ခံရယူဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် **ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ** Rakhine Nationalities Development Party (RNDP) နှင့် **ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ**တို့အား ၂၀၁၄ ခုနှစ်၊ မတ်လ ၆ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်၍ ပါတီကိုလည်း ဖျက်သိမ်းကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၀/၂၀၁၄)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
( ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက် )

**မွန်ဒီမိုကရေစီပါတီ (Mon Democratic Party) အား**
**မွန်အမျိုးသားပါတီ (Mon National Party) အမည်သို့ ပြောင်းလဲခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ မှတ်ပုံတင်အမှတ် (၅၈) ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်သည့် **မွန်ဒီမိုကရေစီပါတီ (Mon Democratic Party)** သည် ယင်းပါတီ၏အမည်ကို **မွန်အမျိုးသားပါတီ (Mon National Party)** အမည်သို့ ပြောင်းလဲအသုံးပြုလိုကြောင်း ဤကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းပါတီ၏တင်ပြချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ စိစစ်ပြီး ပါတီ၏ အမည်ကို ပြောင်းလဲခွင့်ပြုရန် သဘောတူပါသဖြင့် **မွန်ဒီမိုကရေစီပါတီ (Mon Democratic Party)** အား ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှစ၍ **မွန်အမျိုးသားပါတီ (Mon National Party)** အမည်ဖြင့် ပြောင်းလဲသတ်မှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ

ဒေါက်တာဒေါ်မြင့်ကြည်
အဖွဲ့ဝင်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ပြည်ထဲရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာ (၇၇/၂၀၁၄)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၃ ရက် )

၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေပုဒ်မ - ၄၊ ပုဒ်မခွဲ (၁) အရ အောက်ဖော်ပြပါမြေများကို အများပြည်သူအကျိုးငှာ **သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်း**မြေအဖြစ် အသုံးပြုရန်အတွက် **ဆောက်လုပ်ရေးဝန်ကြီးဌာန**မှ အလိုရှိကြောင်း ကြေညာလိုက်သည် -

**မြေတည်ရှိရာဒေသ**

| **တိုင်းဒေသကြီး** | **မြို့နယ်** | **ကျေးရွာအုပ်စုအမည်** | **ကွင်းအမှတ်/အမည်** | **ဦးပိုင်အမှတ်** | **မြေဧရိယာ (ဧက)** |
|---|---|---|---|---|---|
| ရန်ကုန် | သန်လျင် | လက်ယက်စမ်းကျေးရွာအုပ်စု | ၆၅၃/ကျောင်းကံကွင်း | ၁၀၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၃၃ | လယ်မြေ-၃၂. ၉၀ |
| ။ | ။ | ။ | ။ | N | စိုက်ပျိုးနိုင်သောမြေလပ်-၈. ၅၇ |
| **စုစုပေါင်း** | | | | | **၄၁. ၄၇ ဧက** |

မြေသိမ်းအက်ဥပဒေပုဒ်မ - ၃၊ အပိုဒ်ခွဲ (ဂ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များအရ ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးအား အထက်ဖော်ပြပါဒေသရှိ မြေသိမ်းယူခြင်းကိစ္စအဝဝကို အရေးယူဆောင်ရွက်ရန် ကော်လိတ္တော်အရာရှိအဖြစ် ခန့်ထားလိုက်သည်။

မြေသိမ်းအက်ဥပဒေပုဒ်မ-၄၊ ပုဒ်မခွဲ (၂) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များအရ အထက်ဖော်ပြပါဒေသရှိမြေနှင့်စပ်လျဉ်း၍ ယင်းအက်ဥပဒေပုဒ်မခွဲတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဆောင်ရွက်ရန် ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးသို့ လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

[ ယခင်အပတ် ကာကွယ်ရေးဝန်ကြီးဌာန၊ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၄၊ မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးနည်းဥပဒေများမှအဆက် ]

**နောက်ဆက်တွဲ (ဂ)**

**စစ်သည်တစ်ဦးအား -**

**စစ်မှုထမ်းခြင်းမှ သာမန်အကြောင်းများကြောင့် ထွက်ခွင့်ပြုခြင်း**
**စစ်မှုထမ်းခြင်းမှ မစွမ်းမသန်ခြင်းကြောင့် ထွက်ခွင့်ပြုခြင်း**
**စစ်မှုထမ်းခြင်းမှ အမြဲတမ်းထုတ်ပယ်ခြင်း**

**(မလိုသောအကြောင်းကို ပယ်ဖျက်ပါ)**

---

## အပိုင်း (၁)

**(ဤအပိုင်းကို သက်ဆိုင်ရာတပ်မှူးက ဖြည့်သွင်းရမည်။)**

| အမှတ်စဉ် | စစ်သည်နှင့်ပတ်သက်သည့်အကြောင်းအရာ | ဖြည့်သွင်းချက် |
|---|---|---|
| ၁ | ကိုယ်ပိုင်အမှတ် | ............ |
| ၂ | အဆင့် | ............ |
| ၃ | အမည် | ............ |
| ၄ | တပ်ရင်း/တပ်ဖွဲ့ | ............ |
| ၅ | မွေးနေ့ ခုနှစ် သက္ကရာဇ် | ............ |
| ၆ | စစ်မှုထမ်းအဖြစ် စာရင်းသွင်းသည့် ရက်စွဲ | ............ |
| ၇ | အဆင့် တိုးမြှင့်ခြင်းခံရသည့် ရက်စွဲများ - | ခု လ ရက် |
| | ဒုတိယတပ်ကြပ် | ............ |
| | တပ်ကြပ် | ............ |
| | တပ်ကြပ်ကြီး | ............ |
| | တပ်ခွဲ/အုပ်ခွဲ တပ်ကြပ်ကြီး | ............ |
| | ဒုတိယ အရာခံဗိုလ် | ............ |
| | အရာခံဗိုလ် | ............ |
| ၈ | နောက်ဆုံးရရှိသည့် လစာနှုန်းထား - | ကျပ် ပြား |
| | (က) မူရင်းလစာ | ............ |
| | (ခ) အရည်အချင်း လစာ | ............ |
| | (ဂ) အိမ်ငှားစရိတ် | ............ |
| | (ဃ) | ............ |
| | (င) | ............ |
| ၉ | အကျင့်စာရိတ္တ | |
| | (ကာကွယ်ရေးဌာနကောင်စီအမိန့်အမှတ်၊ ၉၅/၇၃ အရ မည်သည့် အကျင့်စာရိတ္တမျိုးဖြစ်သည်ကို သတ်မှတ်ဖော်ပြရမည်။ ဖော်ပြရာ၌ သတ်မှတ်သည့် အကျင့်စာရိတ္တ အမျိုးအစားကို ချန်လှပ်၍ မလိုသော ကျန်အမျိုးအစား များအားလုံးကို မင်နှင့်တား၍ ဖျက်ပြီးလျှင် ဖျက်သည့် အကြောင်းများတွင် တပ်မှူးက လက်မှတ်ရေးထိုးရမည်။) | ကောင်း<br>သင့်<br>ညံ့<br>မကောင်း |

၂

၁၀ အထက်အပိုဒ်စာတွင် " သင့် " " ညံ့ " " မကောင်း " ဟု သတ်မှတ်ဖော်ပြလျှင် မည်သည့်အကြောင်းကြောင့် ဤအကျင့်စာရိတ္တမျိုး သတ်မှတ်ရသည်ကို ဖော်ပြပါ။

၁၁ အငြိမ်းစားလစာဆုကြေးအတွက် ရေတွက်ခွင့် ရရှိသော ယခင်အမှုထမ်းသက်များ (အပိုင်း ၂) အမိန့်အမှတ်စဉ် ရက်စွဲကို ဖော်ပြပါ။

၁၂ အငြိမ်းစားယူပြီးနောက် ရခွင့်ရှိသော အခြားစရိတ်များ -

(က) အောင်ဆန်းသူရိယ

(ခ) သီဟသူရ

(ဂ) သူရ

(ဃ) စစ်မှုထမ်းကောင်းတံဆိပ်

| စရိတ်ငွေ | | အမိန့်အာဏာ |
|---|---|---|
| ကျပ် | ပြား | |
| | | |

၁၃ အငြိမ်းစားယူရန် ပြင်ဆင်သည့်ခွင့်ရက်ပေါင်း။

၁၄ အငြိမ်းစားရယူရန် ပြင်ဆင်သည့်ခွင့်စတင်သည့်ရက်စွဲ

၁၅ မည်သည့် တပ်မတော်နည်းဥပဒေအရ ထွက်ခွင့်ပြုရသည့် အကြောင်းရင်း။

၁၆ စစ်သည်သည် တပ်မှ ထွက်ခွင့်ရပြီးနောက် အမြဲတမ်း နေထိုင်မည့် နေရပ်လိပ်စာ အပြည့်အစုံ။

(က) အိမ်အမှတ်

(ခ) လမ်း

(ဂ) ရပ်/ရွာ

(ဃ) မြို့/မြို့နယ်

(င) ပြည်နယ်/တိုင်း

၁၇ အငြိမ်းစားလစာ/ဆုကြေးငွေ ထုတ်ယူမည့်ဘဏ် (စစ်သည်ဟောင်းနေထိုင်မည့်အမြဲတမ်းနေရပ်လိပ်စာနှင့် အနီးဆုံးဘဏ်ဖြစ်ရမည်။)

၁၈ ယခင်က အငြိမ်းစားလစာ/ဆုကြေးရခဲ့ဖူးဖြစ်လျှင် အငြိမ်းစား လစာ ထုတ်ယူခွင့် အမိန့်နှင့်ရက်စွဲ။

၁၉ အငြိမ်းစားလစာ ရယူခွင့်အမိန့်မကျမီသော်လည်းကောင်း၊ အမိန့်ကျပြီး ငွေမထုတ်ရသေးမီသော်လည်းကောင်း သေဆုံးလျှင်ထုတ်ယူရန် ကျန်ရှိသည့် အငြိမ်းစားလစာငွေကို မည်သူ့အား ထုတ်ပေးစေလိုသည်။ (အမွေခံအမည်၊ အမျိုးသား မှတ်ပုံတင်အမှတ်၊ ဆွေမျိုးတော်စပ်ပုံနှင့် နေရပ်လိပ်စာတို့ကို ဖော်ပြပါ။)

၄

၂၀　ထွက်ခွင့်ပြုသည့် စစ်သည် -

(က) ထိုးမြဲလက်မှတ် . . . . . . . . . . . . . . . . . .

(ခ) အမျိုးသားမှတ်ပုံတင်အမှတ် . . . . . . . . . . . . . . . . . .

(ဂ) လက်ဝဲဘက်လက်ချောင်းများ၏ လက်ဗွေပုံစံ -

| (သန်း) | (ကြွယ်) | (လယ်) | (ညှိုး) | (မ) |
|---|---|---|---|---|
| | | | | |

အထက်ပါ ဖြည့်သွင်းချက်များသည် ဤတပ်ရင်း/တပ်ဖွဲ့ရှိ မှတ်တမ်းများ၊ သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် နှိုင်းယှဉ်ဖြည့်သွင်းထားခြင်းဖြစ်၍ မှန်ကန်ပါကြောင်း။

နေရာ၊ ______________________

ရက်စွဲ၊ ______________________　　　　တပ်မှူးလက်မှတ်

**မှတ်ချက်။**　　တပ်မတော်အက်ဥပဒေပုဒ်မ ၁၈ နှင့် နည်းဥပဒေ ၁၃ ပါ ဇယားအရ အထက်အာဏာပိုင်၏ ခွင့်ပြုချက်ကို ရယူလိုသည့် အမှုများကို တိုင်းစစ်ဌာနချုပ်ထံ တင်ပြ၍ ခွင့်ပြုချက် ရယူရမည်။

## ခွင့်ပြုသည်

နေရာ၊ ______________________　　　　တိုင်းမှူး

ရက်စွဲ၊ ______________________　　. . . . . . . . . . . . . . . . . . တိုင်းစစ်ဌာနချုပ်

## အပိုင်း (၂)

**[ဤအပိုင်းကို ဦးစီးအရာရှိ (ပထမတန်း)၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ မှတ်တမ်းဌာနခွဲက ဖြည့်စွက်ရမည်။]**

၁။ ပုံစံပါ အချက်အလက်များကို ဤရုံးရှိ မှတ်တမ်းများနှင့် တိုက်ဆိုင်စစ်ဆေးပြီး မှန်ကန်ကြောင်း တွေ့ရှိရပါသည်။

၂။ တပ်တွင် အကျင့်စာရိတ္တ သတ်မှတ်ချက်မှာ "ကောင်း/သင့်/ညံ့/မကောင်း" ဖြစ်ပါသည်။

၃။ စစ်သည်အား အငြိမ်းစားယူရန် ပြင်ဆင်သည့် ခွင့်ရက်ကုန်ဆုံးသော ________________ နေ့မှ စ၍ အပိုင်း (၂) အမိန့် အမှတ်စဉ် ____________ အရ အင်အားလျှော့လိုက်သည်။

နေရာ၊ ________________________ ဦးစီးအရာရှိ (ပထမတန်း)

ရက်စွဲ၊ ________________________ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ မှတ်တမ်းဌာနခွဲ

## အပိုင်း (၂)

**(ဤအပိုင်းကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ ငွေစာရင်းဌာနခွဲမှ ဖြည့်စွက်ရမည်။]**

**ကျပ်** **ပြား**

၁။ (က) စစ်မှုထမ်းသက်ဆုကြေး ________________________

(ခ) အငြိမ်းစားဆုကြေး ________________________

(ဂ) စစ်မှုထမ်းသက်အငြိမ်းစားလစာကို ________________________

အငြိမ်းစားလစာထုတ်ပေးခွင့် အမိန့်လွှာအမှတ်၊ ..................

.............. အပိုင်း .............. အမှတ်စဉ် .............. ရက်စွဲ ..............

နေရာ၊ ________________________ ဦးစီးအရာရှိ

ရက်စွဲ၊ ________________________ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ ငွေစာရင်းဌာနခွဲ

ရေး - ၆၃ (က)

နောက်ဆက်တွဲ (ဃ)

သေဆုံး/ကျဆုံးသည့် စစ်သည်တစ်ဦး၏ ကျန်ရှိသည့် ဇနီး/ခင်ပွန်း၊ သားသမီးများနှင့် မိဘမဲ့မြေးတို့အတွက် အိမ်ထောင်စုဝင် အငြိမ်းစားလစာ/ကလေးစရိတ်/စွမ်းရည်ဘွဲ့ တံဆိပ်နှင့်ပတ်သက်၍ ချီးမြှင့်သော ထောက်ပံ့ကြေးငွေ လျှောက်ထားခြင်း။

၂

